E.N.C.
Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

**P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND**
**Email: <office@encburma.org>, http:/ / www.encburma.org**

Statement No. 6/ 2007

# ပြည်တွင်းသံဃာတော်များ၊ ကျောင်းသားပြည်သူများတို့၏ ဆန္ဒထုတ်ဖော်ပြမှုနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ သဘောထားထုတ်ပြန်ကြေငြာချက်

ဆရာတော် သံဃာတော်များ ကျောင်းသားပြည်သူများခင်ဗျား–

ဖက်ဆစ်ဆန်သော စစ်အာဏာရှင်အစိုးရသည် မိမိတို့စစ်အာဏာ သက်ဆိုးရှည်ရေးကိုသာ ရည်ရွယ်ပြီး ရဟန်းသံဃာတော်များ ကျောင်းသားပြည်သူများကို မတရားဖမ်းဆီးထောင်ချခြင်း၊ ရက်စက်စွာ ရိုက်နှက်သတ်ဖြတ်ခြင်း လုပ်ရပ် သည် မိစ္ဆာဒိဋ္ဌိများလုပ်ရပ်ဖြစ်၍၊ ဆရာတော် သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ် ပြုလုပ်မှုဖြင့် ဆုံးမလိုက်ခြင်းကို တပည့်တော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) မှ လေးစား ဂုဏ်ပြုပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

မိမိတို့နိုင်ငံတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ တပါတီ အာဏာရှင်စနစ်ဖြုတ်ချရေး၊ ဒီမိုကရေစီတိုက်ပွဲများတွင် ရဟန်းသံဃာတော်များ ဦးဆောင်မှုဖြင့် အမျိုးသားနိုင်ငံရေးခေါင်းဆောင်များ လမ်းညွှန်မှုဖြင့် ကျောင်းသားပြည်သူများ ဆန္ဒပြထုတ်ဖော်အရေးဆို တိုက်ပွဲဝင်မှုကြောင့် အောင်ပွဲအသီးသီးရရှိခဲ့ကြောင်း သမိုင်းကောင်းအစဉ်အလာများစွာ ရှိခဲ့ပါသည်။ စစ်အာဏာရှင်အစိုးရသည် ပြည်သူတရပ်လုံးအား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖိနှိပ်မှုများဖြင့် ဆင်းရဲတွင်းပိုမိုနက်ရှိုင်းအောင် ပြုလုပ်နေပါသည်။ ရှေ့ဆက်ပြီး ဖိနှိပ်အုပ်စိုးရန်လည်း အစီ အစဉ်ချမှတ်လုပ်ဆောင်နေပြီး ဖြစ်ပါသည်။

ယခုကဲ့သို့ သံဃာတော်များ၊ ကျောင်းသား ပြည်သူများ၏ ငြိမ်းချမ်းစွာ ဆန္ဒပြထုတ်ဖော်မှုအပေါ် စစ်အာဏာရှင်တို့၏ ရက်စက်ယုတ်မာလှသော တုန့်ပြန်လုပ်ရပ်များကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် နိုင်ငံများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှပင်မနေသာတော့ဘဲ ကိုယ်ချင်းစာတရားထားရှိကာ ကြားခံပြီး ဝိုင်းဝန်းကူညီ ဖြေရှင်းရန် ပြင်ဆင်နေပြီးဖြစ်ပါသည်။

ရဟန်းသံဃာတော်များ ဦးဆောင်မှုဖြင့် လှုပ်ရှားနေသော ဆန္ဒပြထုတ်ဖော်မှု အရှိန်အဟုန်ရပ်တန့် မသွားဘဲ ဆက်လက်ပြီး ပိုမိုအရှိန်မြှင့်နိုင်လျှင် စစ်အာဏာရှင်စနစ် အမှန်တကယ်ပြုတ်ကျပြီး မိမိတို့ မျှော်မှန်းထားသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မိစ္ဆာဒိဋ္ဌိများကင်းစင်ပပျောက်ရေး၊ စစ်အာဏာရှင်စနစ်ဖြုတ်ချရေးတိုက်ပွဲတွင် ရဟန်းသံဃာ တော်များ၊ အမျိုးသားနိုင်ငံရေးခေါင်းဆောင်များ၊ ပြည်သူ့ကိုယ်စားလှယ်တော်များ၊ ကျောင်းသားပြည်သူများ အတူတကွစည်းလုံးညီညွတ်စွာ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ကြပါရန် မိမိတို့တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ အလေးအနက် ပန်ကြားအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

ရက်စွဲ။ ။ သက္ကရာဇ် (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်။

Contact Person:
(1) Dr. Lian H. Sakhong (081- 0296 100)
(2) Saw David Taw (081- 3064 351)